# Statement of Hpa-an Zwekabin Hall Karen Affairs Meeting

Dated: 30 March 2013

In response to the current development in the political situation in Myanmar and the collective effort to restore peace for the country, a Karen Affairs Seminar was held with the purpose to discuss and plan for unity, peace and the future of the Karen people, on 29 to 30 March 2013, at Zwekabin Hall, Hpa-an, Karen State.

Karen people from different regions and states of Myanmar, including Buddhist Abbots and Monks, Christian ordained Pastors and Bishops, Karen political party members, government officials, members of armed groups in the process of settling peace with the government, ceasefire armed groups, members of the Karen Border Guard Force, members of Karen Culture and Literature Associations, members of Karen Civil Society Organisations, Karen Youth, members of Karen Women Organisations, Karen Elders, Karen technical experts, some Karen from abroad, and observers. More than 400 people attended the meeting.

The 3 main topics of discussion at the Karen Affairs Meeting were:

- To achieve Unity for Karen People.
- To achieve real and sustainable peace
- To work together for the better future of the Karen People

The Karen leaders and representatives of Karen based organisations discussed comprehensively on the above 3 topics and came up with the following collective decisions. For the unity of the Karen people, all organisations will work together in harmony, through identifying the future plan of action for preservation and promotion of Karen Culture, language, and literature.

For the real and sustainable peace, the Karen will work together and identify a plan of action that will strengthen the existing ceasefire agreement, and ensure that the constitution will secure the rights and development of all Karen people. Actions identified for the better future of the Karen people are, alliance of the Karen political parties, collaboration of the Karen arm groups, working on the rights of the Karen people including women rights, and the legislative law that will provide security and appropriate administrative arrangement for the Karen people.

A Committee for Karen Unity and Peace was formed with 37 members by the meeting participants to continue further actions and meetings for the better future of the Karen people.

For further questions, please contact:
Sayadaw Ashib Sandawara – 09-4977-4125
P'doh Saw HlaTun – 09-4250-48709
Rev. Saw Mathew Aye – 09-4305-5229

# ဘားအံမြို့ ဖွဲကပင် ခန်းမတွင် ကျင်းပသော ကရင် လူမျိုးရေးရာ အစည်းအဝေးမှ ထုတ်ပြန်ချက်

ရက်စွဲ - ၂၀၁၃၊ မတ် ၃၀

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးရရှိရန် အားလုံး ဝိုင်းဝန်း ကြိုးပမ်းနေကြခြင်းကို အကြောင်းပြု၍ ကရင်လူမျိုးများ၏ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးနှင့် အနာဂါတ်တို့ကို ဆွေးနွေးပြင်ဆင်ရန် ကရင်လူမျိုးရေးရာ အစည်းအဝေးကို ၂၀၁၃ မတ်လ ၂၉ မှ ၃၀ ရက်အထိ ကရင်ပြည်နယ်၊ ဘားအံမြို့ ဖွဲကပင်ခန်းမတွင် ကျင်းပခဲ့သည်။

ကရင်လူမျိုး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ ခရစ်ယန် ဂိုဏ်းအုပ်ဆရာတော်နှင့် သင်းအုပ် ဆရာတော်များ၊ ကရင် နိုင်ငံရေး ပါတီဝင်များ၊ အစိုးရ အရာရှိများ၊ အစိုးရနှင့် စေ့စပ်ညှိနှိုင်းနေသော လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၊ အပစ်အခတ် ရပ်စဲထားသော လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၊ ကရင် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များ၊ ကရင် ယဉ်ကျေးမှုနှင့် စာပေ အသင်းဝင်များ၊ ကရင် အရပ်ဖက်လူမှု အဖွဲ့အစည်းဝင်များ၊ ကရင် လူငယ်နှင့် အမျိုးသမီး အဖွဲ့ဝင်များ၊ ကရင် ရပ်မိရပ်ဖများ၊ ကရင် နည်းပညာရှင်များ၊ နိုင်ငံရပ်ခြားမှ ကရင်လူမျိုးများနှင့် လေ့လာစောင့်ကြည့်သူများအပါအဝင် မြန်မာ နိုင်ငံ ပြည်နယ်/တိုင်း အနှံ့အပြားမှ ကရင်လူမျိုးများ တက်ရောက်ခဲ့ကြပြီး စုစုပေါင်း တက်ရောက်လာသူ ဦးရေ ၄၀၀ ကျော်ရှိခဲ့သည်။

ကရင် လူမျိုးရေးရာ အစည်းအဝေးတွင် ဆွေးနွေးသော အဓိက အကြောင်းအရာ သုံးရပ်မှာ

- ကရင်လူမျိုးအားလုံး စည်းလုံးညီညွတ်မှု ရရှိရေး
- စစ်မှန်၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရေး
- ကရင်လူမျိုးများ၏ အနာဂါတ် ပိုမိုကောင်းမွန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး တို့ဖြစ်ပါသည်။
-

ကရင် လူမျိုး အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် အထက်ပါ အကြောင်းအရာ သုံးရပ်ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကာ အောက်ပါ စုပေါင်း ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ ကရင်လူမျိုးများ စည်းလုံးညီညွတ်ရေးအတွက် အဖွဲ့အစည်း အားလုံးသည် ကရင် ယဉ်ကျေးမှု၊ ဘာသာ စကားနှင့် စာပေ တို့ကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် အနာဂါတ် အစီအစဉ်ကို ချမှတ်ကာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

စစ်မှန်၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် ကရင် လူမျိုးအားလုံးသည် လက်ရှိ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ပိုမို ခိုင်မာအားကောင်းစေရန်နှင့် ကရင်လူမျိုးများအားလုံး၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံပေးသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ကာ ပူးပေါင်း ဆောင်ရွက် သွားမည်ဖြစ်သည်။ ကရင်လူမျိုးများ၏ အနာဂါတ် ပိုမိုကောင်းမွန်စေရေးအတွက် ကရင် နိုင်ငံရေး ပါတီများ မဟာမိတ် ဖွဲ့စည်းခြင်း၊ ကရင် လက်နက်ကိုင် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးအခွင့်အရေးများ အပါအဝင် ကရင်လူမျိုးများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ခြင်း၊ ကရင်လူမျိုးများအတွက် လုံခြုံရေးနှင့် သင့်လျော်သော စီမံအုပ်ချုပ်ပိုင်ခွင့်များ ဖြည့်ဆည်းပေးသည့် ဥပဒေများ ပေါ်ပေါက်ရန် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။

ကရင်လူမျိုးများ၏ အနာဂါတ် ကောင်းမွန်ရေးအတွက် ဆက်လက်၍ စည်းဝေးညှိနှိုင်း၊ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ၃၇ ဦးပါဝင်သော ကရင် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ကော်မတီကိုလည်း အစည်းအဝေး တက်ရောက်လာသူများက ရွေးချယ်ဖွဲ့စည်းခဲ့သည်။

ဆက်သွယ်ရန်

ဆရာတော် အရှင် ဆန္ဒဝါရ - ၀၉-၄၉၇၇-၄၁၂၅
ဖဒို စောလှထွန်း - ၀၉-၄၂၅၀-၄၈၇၀၉
ဖာသာ စောမက်သယူးအေး - ၀၉-၄၃၀၅-၅၂၂၉